# ဘွဲ့လွန်တက္ကသိုလ်

## ရှာဖွေရန်

ဘွဲ့လွန်တက္ကသိုလ်များရှာဖွေရန် (JASSO)

http://www.jasso.go.jp/en/study_j/search/daigakukensaku.html

ဘွဲ့လွန်တက္ကသိုလ်များရှာဖွေရန် (JAPAN STUDY SUPPORT)

http://www.jpss.jp/en/

## ဝင်ခွင့်အရည်အချင်း

အောက်ပါအရည်အချင်းတစ်ခုခုကို ပြည့်မီနေရန် လိုအပ်သည်။

### 1 မဟာဘွဲ့ သင်တန်း၊ ပါရဂူဘွဲ့ သင်တန်း (ပထမဆီမက်စ်တာ)

① ဂျပန်နိုင်ငံ၏ တက္ကသိုလ်တွင် ဘွဲ့ရသူ

② National Institution for Academic Degrees and Quality Enhancement of Higher Education (NIAD-QE) မှ အသိအမှတ်ပြုသော တက္ကသိုလ် ပထမဘွဲ့ကို ရထားသူ

③ နိုင်ငံခြားတွင် ကျောင်းပညာရေး 16 နှစ် အတန်း အထိ ပြီးမြောက်သူ

④ နိုင်ငံခြားရှိတက္ကသိုလ်၊ တက္ကသိုလ်နှင့် ညီမျှသော နိုင်ငံခြားရှိကျောင်းတွင် ၃ နှစ် ထက်များသော ပညာသင်နှစ်ကို ပြီးမြောက်အောင်မြင်သောကြောင့် တက္ကသိုလ်ဘွဲ့ရရှိထားသူ

⑤ ဂျပန်နိုင်ငံတွင် နိုင်ငံခြားတက္ကသိုလ်သင်တန်း ရှိသည်ဟု သတ်မှတ်ထားခြင်း ခံရသည့် ပညာရေးအဖွဲ့အစည်း၏ 16 နှစ် သင်တန်းကို ပြီးမြောက်သူ

⑥ သတ်မှတ်ထားသော သက်မွေးပညာ(ဥပစာ)ကောလိပ်ကို ပြီးမြောက်သူ

⑦ ဘွဲ့လွန်တက္ကသိုလ်တွင် သီးခြားကျောင်းဝင်ခွင့် အရည်အချင်းစစ်ဆေးမှုအရ တက္ကသိုလ်ဘွဲ့ရသူနှင့် တန်းတူညီတူနှင့် အထက် ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်း ခံရသူ ဖြစ်ပြီး အသက် 22 နှစ် ပြည့်ပြီးသူ

### 2 ပါရဂူဘွဲ့ သင်တန်း (ဒုတိယဆီမက်စ်တာ)

① ဂျပန်နိုင်ငံ၏မဟာဘွဲ့ ဒီဂရီ (သို့ )သက်မွေးအတတ်ပညာဒီဂရီ ကို ရထားသူ

② နိုင်ငံခြားတွင် မဟာဘွဲ့ ဒီဂရီ (သို့ ) သက်မွေးအတတ်ပညာဒီဂရီနှင့် ညီမျှသော ဒီဂရီကို ရထားသူ

③ ဂျပန်နိုင်ငံတွင် နိုင်ငံခြားဘွဲ့လွန်တက္ကသိုလ်သင်တန်း ရှိသည်ဟု သတ်မှတ်ထားခြင်းခံရသည့် သင်တန်းကို ပြီးမြောက်၍ မဟာဘွဲ့ ဒီဂရီနှင့် သက်မွေးအတတ်ပညာဒီဂရီများနှင့် ညီမျှသော ဒီဂရီကို ရထားသူ

④ တက္ကသိုလ်ဘွဲ့ရထားပြီး၊ တက္ကသိုလ်၊ သုတေသနအဖွဲ့ အစည်း (နိုင်ငံခြားရှိ တက္ကသိုလ်၊ သုတေသနအဖွဲ့ အစည်းများ အပါအဝင်) စသည်တွင် 2 နှစ်နှင့်အထက် သုတေသနလုပ်ငန်းများ လုပ်ဆောင်ခဲ့သူဖြစ်ပြီး ဘွဲ့ လွန်တက္ကသိုလ်တွင် မဟာဘွဲ့ ဒီဂရီကို ရရှိထားသူနှင့် ညီမျှသော ပညာအရည်အချင်းရှိသည်ဟု အသိအမှတ်ပြုခြင်းခံရသူ

⑤ ဘွဲ့ လွန်တက္ကသိုလ်တွင် သီးခြားကျောင်းဝင်ခွင့်အရည်အချင်းစစ်ဆေးမှုအရ မဟာဘွဲ့ ဒီဂရီ သို့ သက်မွေးအတတ်ပညာဒီဂရီကို ရရှိထားသူနှင့် ညီမျှသာလွန်သော ပညာအရည်အချင်း ရှိသည်ဟု သတ်မှတ်ခြင်းခံရသူဖြစ်ပြီး၊ အသက် 24 နှစ် ပြည့်ပြီးသူ

### 3 ပါရဂူဘွဲ့ သင်တန်း (ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာသင်တန်းအချို့၊ တိရစ္ဆာန်ဆေးကုပညာ)

ဆေးပညာဌာန၊ သွားဖက်ဆိုင်ရာဆေးပညာဌာန၊ အချို့ဆေးဝါးဗေဒဌာန၊ တိရစ္ဆာန်ဆေးကုဌာနသို့ ဝင်ခွင့်လျှောက်လိုပါက ဝင်ခွင့်မလျှောက်မီ တက္ကသိုလ်သို့ စုံစမ်းပါ။

## ဝင်ခွင့်လျှောက်ရန်လိုအပ်သော စာရွက်စာတမ်းများ

- ☐ ကျောင်းဝင်ခွင့်လျှောက်လွှာ (ဘွဲ့ လွန်တက္ကသိုလ်မှပြဌာန်းထားသည့်အရာ)
- ☐ တက္ကသိုလ်ပထမဘွဲ့ သင်တန်း ပြီးမြောက်ကြောင်း (ပြီးမြောက်ရန်ရှိကြောင်း) လက်မှတ်
- ☐ မဟာဘွဲ့ ဒီဂရီ ရရှိထားကြောင်း (ရရှိရန်ရှိကြောင်း) လက်မှတ် (ပါရဂူဘွဲ့ သင်တန်းအတွက်)
- ☐ နောက်ဆုံးတက်ရောက်ခဲ့သော ကျောင်း၏ ဘာသာရပ်နှင့်ရမှတ်မှတ်တမ်း
- ☐ ထောက်ခံစာ
- ☐ မူရင်းတက္ကသိုလ်၏ သုတေသန (ဘွဲ့ရ) စာတမ်း နှင့် ၎င်းစာတမ်းအကျဉ်းချုပ်
- ☐ သုတေသနစီမံကိန်း
- ☐ အခြား

ကျောင်းအလိုက် တင်ပြရမည့် စာရွက်စာတမ်းများ ကွဲပြားသောကြောင့် အသေးစိတ်ကို လျှောက်ထားလိုသော ကျောင်းသို့ တိုက်ရိုက် မေးမြန်းစုံစမ်းပါ။

## ဝင်ခွင့်လျှောက်လွှာတင်သွင်းကာလ

များသောအားဖြင့် နွေရာသီမှ ၁၀ လပိုင်း၊ ၁၁ လပိုင်း အထိ လျှောက်လွှာ တင်သွင်းရမည်။ ၁ လပိုင်း မှ ၃ လပိုင်း အထိ လျှောက်လွှာတင်သွင်းရမည့် တက္ကသိုလ်လည်း ရှိသည်။ လျှောက်လွှာတင်သွင်းသည့်ကာလမရွေး ကျောင်းစဖွင့်ချိန်သည် များသောအားဖြင့် ၄ လပိုင်း ဖြစ်သည်။ ၉ လပိုင်း၊ ၁၀ လပိုင်းတွင် ကျောင်းစဖွင့်သည့် ကျောင်းလည်း ရှိသည်။

## ကျောင်းဝင်ခွင့်စာမေးပွဲ

အောက်ပါစစ်ဆေးနည်းများမှ အချို့စစ်ဆေးနည်းများကို တွဲဖက်၍ စစ်ဆေး ရွေးချယ်မည်။ ဘွဲ့လွန်တက္ကသိုလ်အလိုက် စာမေးပွဲစစ်ဆေးနည်း မတူညီသောကြောင့် ဘွဲ့လွန်တက္ကသိုလ်၏ ဝက်ဘ်ဆိုက်တွင် လေ့လာပါ။

- စာရွက်စာတမ်းစိစစ်ရွေးချယ်ခြင်း စာစီစာကုံး။
- ပညာအရည်အချင်းစစ်ဆေးခြင်း
- အင်တာဗျူး
- စာတမ်းတို၊ စာစီစာကုံး
- အထူးပြုမည့်ဘာသာရပ် နှင့် သက်ဆိုင်သောနှုတ်ဖြေစာမေးပွဲ

## ပညာရေးအကြံပေးပုဂ္ဂိုလ်

ပညာရေးအကြံပေးပုဂ္ဂိုလ် ဟူသည် သင်တန်းအစီအစဉ် နှင့် သုတေသနကို အကြံပေးသော နည်းပြဆရာဖြစ်ပြီး၊ အခြေခံအားဖြင့် သင်ကိုယ်တိုင် ရှာဖွေရန် လိုအပ်သည်။ ကျောင်းအလိုက် ကျောင်းလျှောက်လွှာမတင်မီ ကြိုတင်၍ ပညာရေးအကြံပေးပုဂ္ဂိုလ်ကို ရှာပြီး တရားဝင်မဟုတ်သော သဘောတူညီချက်ကို ရယူထားရန် လိုအပ်သည်။

<ပညာရေးအကြံပေးပုဂ္ဂိုလ် ရှာဖွေနည်း>

- သင့်မူရင်းတက္ကသိုလ်၏ ပညာရေးအကြံပေးပုဂ္ဂိုလ်အား မိတ်ဆက်ပေးရန် မေတ္တာရပ်ခံခြင်း
- ပညာရေးဂျာနယ်များ၊ နိုင်ငံတကာကျောင်းသားဟောင်းများ၊ သင့်နိုင်ငံရှိ သုတေသနပညာရှင်များ အစရှိသည်မှ အချက်အလက် ရယူခြင်း
- ဘွဲ့လွန်တက္ကသိုလ်၏ ဝက်ဘ်ဆိုက် စသည်

**ပညာရှင်များရှာဖွေရန်**

- **researchmap** http://researchmap.jp/search/?lang=english
- **J-GLOBAL** http://jglobal.jst.go.jp/en/

**<နည်းပြဆရာနှင့် ဆက်သွယ်သောအခါ>**

လက်ရှိအချိန်အထိ သင့်သုတေသနရလဒ် နှင့် နောင်ပြုလုပ်မည့် သုတေသနအစီအစဉ်၊ အဆိုပါ နည်းပြဆရာအား ပညာရေးအကြံပေးပုဂ္ဂိုလ်အဖြစ် ရွေးချယ်ရခြင်း အကြောင်းရင်း အစရှိသည်ကို အသေးစိတ် ရှင်းလင်းဖော်ပြပြီး၊ ဖြစ်နိုင်ပါက မူရင်းတက္ကသိုလ်၏ ပညာရေးအကြံပေးပုဂ္ဂိုလ် အစရှိသူ၏ ထောက်ခံစာကို အတူတွဲပေးပို့ပါက ပိုကောင်းသည်။ အဆိုပါနည်းပြဆရာသည် သင့်အကြောင်းကို စာများမှတဆင့်သာ အကဲဖြတ်နိုင်သောကြောင့် အကြိမ်ကြိမ်အဖန်ဖန် စာပေးစာယူပြုပြီး၊ သင့်စိတ်ဆန္ဒပြင်းပြမှုကို သိရှိအောင်ဖော်ပြရန် လိုအပ်သည်။

## သုတေသနအစီအစဉ်

သုတေသနအစီအစဉ် ဟူသည် အကြောင်းအရာကို ဆုံးဖြတ်ပြီး၊ အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ မည်ပုံမည်နည်းဖြင့် သုတေသန ပြုလုပ်မည်ကို ခြုံငုံပြုစုထားသော စာရွက်စာတမ်းဖြစ်သည်။ ဘွဲ့လွန်တက္ကသိုလ်အများစုတွင် လျှောက်လွှာတင်ချိန်၌ သုတေသနအစီအစဉ်ကို အတူတကွ ပေးပို့ရန် လိုအပ်မည် ဖြစ်သည်။ အကြောင်းအရာမှာသုတေသန၏ ရည်ရွယ်ချက်၊ နောက်ခံအကြောင်း၊ အဓိပ္ပါယ်၊ နည်းလမ်း၊ ကျမ်းကိုးစာရင်း စသည်တို့ ဖြစ်သည်။များသောအားဖြင့် စာလုံးရေ 2,000 ခန့် ဖြစ်သည်။ သုတေသနအစီအစဉ်ကို ရေးသားပြုစုရန်အတွက် သင်သုတေသနလုပ်လိုသော နယ်ပယ်၏ စာတမ်းများကို ရှာဖွေပြီး မည်သည့်အတိုင်းအတာအထိ ယင်းသုတေသနက တိုးပေါက်ရောက်ရှိနေပြီး၊ မည်သို့သော အခက်အခဲစိန်ခေါ်မှုများ ကျန်ရှိနေသည်ကို ရှာဖွေလေ့လာရန် အရေးကြီးသည်။

**သုတေသနစာတမ်းများရှာဖွေရန်**

- **CiNii Articles** http://ci.nii.ac.jp/en
- **Article Search Qross** https://qross.atlas.jp/top





- **သုတေသနစီမံကိန်းရေးဆွဲနည်းလမ်းညွှန်**
  **(How to write a research plan)**

သုတေသနစီမံကိန်းရေးဆွဲနည်း နှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုနည်းကို လေ့လာနိုင်သည်။
စာရေးသူ – JASSO
ထုတ်ဝေသူ – Bonjinsha Co.,Ltd.

(ဂျပန်နိုင်ငံအတွင်း၌သာ ဝယ်ယူနိုင်သည်။)

## သုတေသနကျောင်းသား (Research student)

သုတသေနကျောင်းသားဟူသည် အောက်ဖေါ်ပြပါ အချိန်ပိုင်းကျောင်းသားများကို ခေါ်တွင်သည်။

① ဒီဂရီရရန် ရည်ရွယ်ချက်ဖြင့် မဟုတ်ဘဲ ကာလတို သုတေသနလုပ်ရန်အတွက် စာရင်းသွင်းထားသူ
② တက္ကသိုလ်စသည်များအကြား အလဲအလှယ်သဘောတူညီချက် အစရှိသည်ကို အခြေခံသည့် ကာလတို နိုင်ငံတကာကျောင်းသား အဖြစ် စာရင်းသွင်းထားသူ
③ ဘွဲ့လွန်တက္ကသိုလ်ပုံမှန်သင်တန်း၏ ကျောင်းဝင်ခွင့်အတွက် ကြိုတင်ပြင်ဆင်မှုကာလအဖြစ် စာရင်းသွင်းထားသူ*

စာရွက်စာတမ်းစီစစ်ရွေးချယ်မှုတစ်ခုတည်းဖြင့် ကျောင်းဝင်ခွင့်ပေးခြင်းက များသည်။ စာပို့ချချက်နားထောင်ရုံသက်သက်ဖြစ်သော သုတေသနကျောင်းသားအဖြစ် "ကျောင်းသား" ဟူသော နေထိုင်ခွင့်ခွင့်ပြုချက် ရရှိရန်အတွက် သီတင်း 1 ပတ်လျှင် 10 နာရီနှင့်အထက် စာပို့ချချက်နားထောင်ရန် လိုအပ်သည်။
ဘွဲ့လွန်တက္ကသိုလ်အချိန်ပြည့်သင်တန်းသို့ တက်ရောက်လိုသောအခါ တိုက်ရိုက်စာမေးပွဲဖြေဆိုရန် လက်ခံသော ဘွဲ့လွန်တက္ကသိုလ်များ ရှိသကဲ့သို့ "သုတေသနကျောင်းသား" သင်တန်းကို အရင်တက်ရောက်စေလိုသော ဘွဲ့လွန်တက္ကသိုလ်များလည်း ရှိသည်။

## သက်မွေးအတတ်ပညာဘွဲ့လွန်တက္ကသိုလ်

အဆင့်မြင့် သက်မွေး အတတ်ပညာ ကျွမ်းကျင်မှုကို ပြင်ဆင်ပေးပြီး၊ လူမှုရေးနှင့် စီးပွားရေး နယ်ပယ်အလိုက် ခေါင်းဆောင်အဖြစ် ဦးစီးလုပ်ကိုင်နိုင်သည့် ကျွမ်းကျင်အတတ်ပညာရှင်များကို သင်ကြားပြုစု ပျိုးထောင်ပေးရန် ရည်ရွယ်သော သင်ရိုးညွှန်းတမ်း ဖြစ်သည်။ စံအားဖြင့် ဥပဒေဆိုင်ရာ ကျွမ်းကျင်အတတ်ပညာရှင်များက ပြုစုပျိုးထောင်ပေးသော ဥပဒေဘွဲ့လွန်တက္ကသိုလ် နှင့် ကျောင်းဆရာများကို သင်ကြားမွေးထုတ်ပေးသော သင်ပြနည်း ဘွဲ့လွန်တက္ကသိုလ်၊ အခြားသော စီးပွားရေး/ MOT နယ်ပယ်၊ စာရင်းကိုင်ပညာနယ်ပယ်၊ လူထုပေါ်လစီနယ်ပယ် စသည်ဆိုင်ရာ သက်မွေး အတတ်ပညာဘွဲ့လွန်တက္ကသိုလ်များ ရှိသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် သင်ယူနိုင်သော MBA လည်း ရှိပါသည်။

## ကျောင်းပြီးရန်အတွက်

| အတန်း | ဘွဲ့ | ပညာသင်ယူနှစ် | လိုအပ်သော ခရက်ဒစ် | မှတ်ချက် |
|---|---|---|---|---|
| ပါရဂူဘွဲ့တန်း | ပါရဂူဘွဲ့ | 5 နှစ် | ခရက်ဒစ်ပေါင်း 30 ကျော်<br>(မဟာဘွဲ့တန်းတွင် ရရှိခဲ့သည့် ခရက်ဒစ်အပါအဝင်) | ပါရဂူဘွဲ့စာတန်းစီစစ် စစ်ဆေးခြင်း အောင်မြင်ရမည်။ |
| မဟာဘွဲ့တန်း | မဟာဘွဲ့ | 2 နှစ် | ခရက်ဒစ်ပေါင်း 30 ကျော် | မဟာဘွဲ့စာတန်းစီစစ် စစ်ဆေးခြင်း အောင်မြင်ရမည်။ |
| ကျွမ်းကျင်ပညာရှင်များ ဆိုင်ရာ ဘွဲ့လွန်သင်တန်း | မဟာဘွဲ့<br>(ကျွမ်းကျင်ပညာရှင်) | 2 နှစ် | ခရက်ဒစ်ပေါင်း 30 ကျော်<br>(ဥပဒေဘွဲ့လွန်တက္ကသိုလ်နှင့် ပညာသင်ကြားရေးဘွဲ့လွန်တက္ကသိုလ်သည် လိုအပ်သည့် ခရက်ဒစ်များ ကွဲပြားခြားနားသည်။) | |
| | ဥပဒေပါရဂူဘွဲ့<br>(ကျွမ်းကျင်ပညာရှင်) | 3 နှစ် | | |
| | ပညာသင်ကြားရေးပါရဂူဘွဲ့<br>(ကျွမ်းကျင်ပညာရှင်) | 2 နှစ် | | |

※ ဘွဲ့လွန်တက္ကသိုလ် ပါရဂူဘွဲ့သင်တန်း ကို ပထမဆီမက်စ်တာသင်တန်း (2 နှစ်) နှင့် ဒုတိယဆီမက်စ်တာသင်တန်း (3 နှစ်) ဟူ၍ ခွဲထားတတ်သည်။
ပထမဘွဲ့သင်တန်း၏ သင်တန်းကာလ 6 နှစ် ဖြစ်သော ဆေးပညာ၊ သွားဘက်ဆိုင်ရာပညာ၊ ဆေးဝါးပညာ၏သင်တန်းအချို့ နှင့် တိရစ္ဆာန်ဆေးကုပညာ အတွက် ပါရဂူဘွဲ့သင်တန်းမှာ 4 နှစ် ဖြစ်သည်။



